ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇၇/၂၀၁၇)

| | |
|---|---|
| ဒေါ်စိန်ရီ (အလုပ်ရှင်)<br>ရောမသံရည်ကျိုစက်ရုံ၊ အမှတ်(၂၀/၂၁)၊<br>မြောင်းတကာစက်မှုဇုန်၊မှော်ဘီမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်နွဲ့ရီပါ အလုပ်သမား (၃)ဦး<br>မိုးညိုစု၊ မြောင်းတကာစက်မှုဇုန်၊<br>မှော်ဘီမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ အမှတ်(၂၀/၂၁)ရှိ ရောမသံရည်ကျိုစက်ရုံ အလုပ်ရှင် ဒေါ်စိန်ရီနှင့် ဒေါ်နွဲ့ရီပါ အလုပ်သမား(၃)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို မှော်ဘီမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၁၀၆/၂၀၁၇) အရ ယင်းအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်နွဲ့ရီပါ အလုပ်သမား (၃)ဦးတို့မှ တောင်းဆိုခြင်းခံရသူ ဒေါ်စိန်ရီ (အလုပ်ရှင်) ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားရန် သို့မဟုတ် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်မှ အောက်ပါကောက်ချက် အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်နွဲ့ရီပါ နေ့စားနေ့ရှင်း အလုပ်သမား(၃)ဦးတို့အား အလုပ်မှထုတ်ပယ်ခံရသည့်အတွက် အလုပ်ပြန်လည်ခန့်သင့်/မသင့် (သို့မဟုတ်) အလုပ်ထုတ်နစ်နာကြေးရသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဒေါ်နွဲ့ရီပါ နေ့စား/နေ့ရှင်း အလုပ်သမား(၃)ဦးတို့အား အလုပ်မှရပ်စဲခဲ့သဖြင့် အလုပ်သမားတစ်ဦးလျှင် နိုတစ်ကြေးတစ်လစာ ၁၀၈၀၀၀ိ/-၊ လုပ်သက် ၉ လရှိသဖြင့် ၅၄၀၀၀ိ/-၊ စုစုပေါင်း ၁၆၂၀၀၀ိ/- စီ(တစ်သိန်းခြောက်သောင်းနှစ်ထောင်)ပေးချေရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** အလုပ်သမားများ အမှန်လုပ်ကိုင်ခဲ့သောရက်များအတွက် အနည်းဆုံးအခကြေးငွေဥပဒေအရ တစ်ရက်လျှင်လိုငွေ ၆၀၀ိ/-နှုန်းဖြင့် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စိစစ်တွက်ချက်၍ ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၀၆/၂၀၁၇) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၇၇/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးညွန့်စိန်၊ အလုပ်သမားကိုယ်စားလှယ် ဦးသိန်းကြွယ်တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်နွဲ့ရီပါ နေ့စားနေ့ရှင်း အလုပ်သမား(၃)ဦးတို့အား အလုပ်မှထုတ်ပယ်ခံရသည့်အတွက် အလုပ်ပြန်လည်ခန့်သင့်/မသင့် (သို့မဟုတ်) အလုပ်ထုတ်နစ်နာကြေးရသင့်/မသင့်။

<u>တွေ့ရှိချက်</u>

၆။ မှော်ဘီမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ (၃၁-၈-၂၀၁၇) ရက်စွဲဖြင့် ဒေါ်နွဲ့ရီပါ အလုပ်သမား (၃)ဦးက တိုင်ကြားသည့်စာတွင် (၁) (၂၈-၈-၂၀၁၇) ရက်နေ့မှစ၍ မန်နေဂျာက အလုပ်မဆင်းနိုင်းတော့ကြောင်း၊ (၂) တစ်နေ့လုပ်ခ ၃၀၀၀ိ/-ဖြင့် (၂၄-၈-၂၀၁၇) ရက်နေ့အထိ (၉ လမှ တစ်နှစ်နီးပါး) လုပ်ကိုင်ခဲ့ကြောင်း၊ (၃) အနိမ့်ဆုံးလုပ်ခ ၃၆၀၀ိ/- ရရှိရေး တောင်းခံခဲ့၍ အချိန်ပိုလုပ်ခ (၂၆-၈-၂၀၁၇) ရက်နေ့တွင်ရရှိခဲ့ကြောင်း၊ (၄) အပြစ်တစ်စုံတစ်ရာမရှိဘဲ အလုပ်ရပ်စဲခံရ၍ ဖြေရှင်းပေးစေလိုကြောင်း စသောအချက်များပါရှိပါသည်။

၇။ မှော်ဘီမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၄-၉-၂၀၁၇) ရက်နေ့၊ (၇-၉-၂၀၁၇) ရက်နေ့နှင့် (၈-၉-၂၀၁၇) ရက်နေ့များတွင် ညှိနှိုင်းပေးရာ အလုပ်သမားများ၏ထွက်ဆိုချက်များမှာ အလုပ်ပြန်လည်ခန့်ထားပေးရန်၊ အလုပ်ပြန်မခန့်ပါက အလုပ်ထုတ်နစ်နာကြေးရရှိစေရန် ထွက်ဆိုခဲ့ပါသည်။

၈။ (၁၈-၉-၂၀၁၇) ရက်စွဲဖြင့် အလုပ်သမားများကတင်ပြသည့် တောင်းဆိုလွှာတွင် (၁) အလုပ်စဝင်သောနေ့မှ (၂၄-၈-၂၀၁၇) ရက်နေ့အထိ အပြည့်အဝမရရှိခဲ့သည့် တစ်နေ့လုပ်အားခ ၆၀၀ိ/-နှုန်းဖြင့် ပြန်လည်ရှင်းပေးစေလိုကြောင်း၊ (၂) အလုပ်ပြန်လည်ခန့်အပ်ခြင်းမရှိသည့်အတွက် အလုပ်ထုတ်နစ်နာကြေးရရှိလိုကြောင်း စသောအချက်များပါရှိပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ (၁၆-၁၀-၂၀၁၇) ရက်နေ့၌ အမှုစစ်ရာတွင် အလုပ်သမားများက ၃၆၀၀ိ/- မရရှိ၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားသဖြင့် အလုပ်ထုတ်ခဲ့ကြောင်းဖြစ်ပါသည်။

၁၀။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ညှိနှိုင်းပေးရာ အလုပ်ရှင်ဘက်မှထွက်ဆိုချက်များမှာ အလုပ်သမားများသည် အသက်ကြီးသူများဖြစ်သည့်အပြင် ကျွမ်းကျင်မှုမရှိခြင်းကြောင့် (၅-၇-၂၀၁၇) ရက်နေ့တွင် အားလုံးအားပြောကြားခဲ့ပြီးဖြစ်၍ အလုပ်ထုတ်နစ်နာကြေးမပေးနိုင်ကြောင်း ဖြစ်ပါသည်။

၁၁။ ခုံသမာဓိအဖွဲ့သို့ (၂၅-၉-၂၀၁၇) ရက်စွဲဖြင့် အလုပ်ရှင်ဘက်မှတင်ပြသည့် ချေပလွှာတွင် (၁) အလုပ်သမား(၃)ဦး တစ်ရက်လုပ်ခ ၃၀၀၀ိ/-ကျပ်နှုန်းဖြင့်ကျေနပ်ကြောင်း စက်ရုံမှညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့တွင် လက်မှတ်ရေးထိုးထားကြောင်း၊ (၂) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်အတိုင်း အလုပ်ထုတ်သည့်ကိစ္စအတွက် လိုက်နာမည်ဖြစ်ကြောင်း စသည့်အချက်များပါရှိပါသည်။

၁၂။ ခုံသမာဓိအဖွဲ့မှ (၁၆-၁၀-၂၀၁၇) ရက်နေ့၌ အမှုစစ်ရာတွင် အလုပ်ရှင်ဘက်မှ တင်ပြချက်များမှာ (၁) စက်ရုံတွင် အလုပ်သမား ကျား(၁၇၅)ဦး၊ မ(၁၂)ဦး၊ စုစုပေါင်း (၁၈၇)ဦးရှိကြောင်း၊ (၂)

အလုပ်သမား(၃)ဦးအား အလုပ်မှရပ်စဲမှုမဟုတ်ပါကြောင်း၊(၃) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ကြောင်း စသောအချက်များဖြစ်ပါသည်။

၁၃။ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အနည်းဆုံးအခကြေးငွေ ၃၆၀၀ိ/- သတ်မှတ်ထားသော်လည်း တစ်နေ့လုပ်အားခ ၃၀၀၀ိ/-ပေးခြင်းကို ၆၀၀ိ/-ထပ်တိုးပေးရန် တောင်းဆိုခဲ့၍ အလုပ်ရှင်မှအလုပ်ထုတ်ပယ်ခဲ့ခြင်းသည် မပြုလုပ်သင့်ကြောင်း၊

(ခ) အလုပ်သမား(၃)ဦးသည် အလုပ်တွင် အပြစ်ပြုလုပ်ခဲ့ခြင်းမရှိ၍ အကြောင်းမဲ့အလုပ်ထုတ်ပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ အသက်ကြီးရင့်သူများဖြစ်ခြင်းကြောင့်လည်းကောင်း၊ လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးနှင့်နို့တစ်ကြေး ပေးသင့်ကြောင်း၊

(ဂ) တစ်နေ့လုပ်ခ ၃၀၀၀ိ/- ပေးခဲ့ခြင်းဖြစ်၍ အနည်းဆုံးအခကြေးငွေဥပဒေအရ လိုငွေ ၆၀၀ိ/- အား လုပ်ခကျန်ငွေအဖြစ်ပေးသင့်ကြောင်း၊

<u>နုံအဖွဲ့တွင် ဆောင်ရွက်ချက်</u>

၁၄။ (၁-၁၁-၂၀၁၇)ရက်စွဲဖြင့် အလုပ်ရှင် ဒေါ်စိန်ရီက ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်နိုင်ခြင်းမရှိကြောင်း ခုံသမာဓိကောင်စီသို့ တင်ပြတိုင်ကြားခဲ့ပါသည်။

၁၅။ (၂၀-၁၁-၂၀၁၇) ရက်နေ့ ခုံအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်မှာ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ကြောင်းဖြစ်ပါသည်။

၁၆။ (၂၄-၁၁-၂၀၁၇) ရက်နေ့ ခုံအဖွဲ့မှ အမှုစစ်ရာတွင် အလုပ်သမားဘက်မှ ထွက်ဆိုချက်မှာ (၁) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ချက်ပါ ငွေရပ်အတိုင်းမရရှိသေးကြောင်း၊ ငွေတစ်သိန်းစီသာရရှိကြောင်း၊ (၂) မည်သည့်ရုံးတွင် ထိုငွေကိုရှင်းပေးသည်ဟုမသိပါကြောင်း၊ (၃) ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်ကိုလိုက်နာမည်ဖြစ်ပါကြောင်း စသောအချက်များဖြစ်ပါသည်။

<u>သုံးသပ်ချက်</u>

၁၇။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ချမှတ်ခဲ့သည့်ကောက်ချက်မှာ (၁)ချက်တည်းဖြစ်ပြီး၊ ထိုကောက်ချက်မှာ ဒေါ်နွဲ့ရီပါ နေ့စားနေ့ရှင်းအလုပ်သမား(၃)ဦးအား အလုပ်မှထုတ်ပယ်ခံရသည့်အတွက် အလုပ်ပြန်လည်ခန့်အပ်သင့်/မသင့် (သို့မဟုတ်) အလုပ်ထုတ်နစ်နာကြေး ရသင့်/မရသင့်ဖြစ်ပါသည်။

၁၈။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၂)တွင် အလုပ်သမားများအား အလုပ်လုပ်ကိုင်ခဲ့သောရက်များအတွက် အနည်းဆုံးအခကြေးငွေဥပဒေအရ တစ်ရက်လျှင် ၆၀၀ိ/-နှုန်းဖြင့် အလုပ်ရုံနှင့်

အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စိစစ်တွက်ချက်၍ထုတ်ပေးရန် ဆုံးဖြတ်ချက်မှာ မူလကောက်ချက်တွင် မပါရှိသောအချက်ဖြစ်ခြင်း၊ အနည်းဆုံးအခကြေးငွေနှုန်းထားပြည့်မီအောင် မပေးခြင်းသာဖြစ်ခြင်းနှင့် တစ်ကြိမ်တစ်ခါမျှ ၃၆၀၀၀/-ကို အလုပ်သမားမခံစားရသေး၍ လုပ်ခကျန်ငွေအဖြစ်မသတ်မှတ်နိုင်ခြင်း စသောအချက်များအရ အနည်းဆုံးအခကြေးငွေပြည့်မီအောင်မပေးသည့်ကိစ္စရပ်အဖြစ်သာ သတ်မှတ်သင့်ပါသည်။ ဤကိစ္စရပ်မျိုးမှာ မှော်ဘီမြို့နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးမှ ဆောင်ရွက်ရမည့်ကိစ္စရပ်မျိုးဖြစ်ပါသည်။ အလုပ်သမားများက ယင်းကိစ္စရပ်အတွက် ဆက်လက်ဆောင်ရွက်လိုပါက မှော်ဘီမြို့နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးသို့ ဆက်သွယ်ဆောင်ရွက် ရန်ဖြစ်သည်ဟု သုံးသပ်ပါသည်။

၁၉။ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ ယခုလုပ်ငန်းသည် အနည်းဆုံးအခကြေးငွေအမိန့်နှင့်အညီ ပေးချေရမည့်လုပ်ငန်းအတွင်း၌ပါရှိပါသည်။

၂၀။ အလုပ်ထုတ်မှုနှင့်စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှတစ်စုံတစ်ရာ ချေပငြင်းဆိုခြင်းမရှိဘဲ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို ခံယူမည်ဟုသာ ထွက်ဆိုခဲ့သဖြင့် အလုပ်သမားများအား အလုပ်ထုတ်မှုမှာ မထုတ်သင့်ဘဲထုတ်သည့်သဘော သက်ရောက်ပါသည်။

၂၁။ အလုပ်မထုတ်သင့်ဘဲ အလုပ်ထုတ်ခဲ့ခြင်းဟူသောအချက်ပေါ်လွင်သကဲ့သို့ ၃၆၀၀၀/-ပြည့်မီအောင် မပေးခဲ့ခြင်းအချက်မှာလည်း ထင်ရှားပေါ်လွင်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၀၆/၂၀၁၇)ပါ ဆုံးဖြတ်ချက်အမှတ်(၁)ကို အတည်ပြုလိုက်သည်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၀၆/၂၀၁၇)ပါ ဆုံးဖြတ်ချက်အမှတ်(၂)ကို ပယ်ဖျက်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂၂။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဦးညွန့်စိန်
အဖွဲ့ဝင်

ဦးအောင်သန်း
ဥက္ကဋ္ဌ

ဦးသိန်းကြွယ်
အဖွဲ့ဝင်